ငါအရှင်မြတ်သည် ဖက်စပ်ကိုးကွယ်သူတို့၏

ဖက်စပ်ကိုးကွယ်ခြင်းမှ ကင်းရှင်းတော်မူသည်။

အကြင်သူသည် အမလ်ကောင်းမှုပြုလုပ်ရာတွင်

ငါအရှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာကို

ဖက်စပ်ကိုးကွယ်ခဲ့လျှင် ငါအရှင်မြတ်သည် ထိုသူနှင့်သူ၏ဖက်စပ်ကိုးကွယ်မှုကိုပါ စွန့်ပစ်တော်မူသည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ ကြီးကျယ်
မြင့်မားတော်မူသော အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူသည်။ ငါအရှင်မြတ်သည်
ဖက်စပ်ကိုးကွယ်သူတို့၏ ဖက်စပ်ကိုးကွယ်ခြင်းမှ ကင်းရှင်းတော်မူသည်။ အကြင်သူသည်
အမလ်ကောင်းမှုပြုလုပ်ရာတွင် ငါအရှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာကို
ဖက်စပ်ကိုးကွယ်ခဲ့လျှင် ငါအရှင်မြတ်သည် ထိုသူနှင့် သူ၏ဖက်စပ်ကိုးကွယ်မှုကိုပါ
စွန့်ပစ်တော်မူသည်။
[صحيح] [رواه مسلم]

ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်ကို တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အသိပေးမိန့်ကြားတော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည်ဖက်စပ်ကိုးကွယ်သူတို့၏ ဖက်စပ်ကိုးကွယ်ခြင်းမှ ကင်းရှင်းတော်မူသည်။ အရှင်မြတ်သည်အရာခပ်သိမ်းအလုံးစုံမှ လိုလားတောင့်တမှု ကင်းတော်မူသောအရှင်ဖြစ်သည်။ လူတစ်ဦးသည်အမလ်ကောင်းမှုတစ်ခုကို ဆောင်ရွက်ရာ၌ အလ္လာဟ်အရှင်မြတ်နှင့်အတူအခြားတစ်စုံတစ်ရာကိုပါ ယှဉ်တွဲကိုးကွယ်ခဲ့လျှင် အရှင်မြတ်သည် ထိုသူကိုစွန့်ပစ်တော်မူပြီး သူပြုလုပ်သည့် ကောင်းမှုကို လက်ခံတော်မူမည် မဟုတ်ပေ။ထိုကောင်းမှုကို ၎င်းသူထံသို့သာ စွန့်ပစ်တော်မူမည်။ ထို့ကြောင့်အမလ်ကောင်းမှုများကို အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းအတွက်သာ သီးသန့်ပြုလုပ်ရန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ချွတ်ယွင်းမှုအပေါင်းမှသန့်ရှင်းစင်ကြယ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် မိမိအတွက်သီးသန့်ရည်ရွယ်၍ပြုလုပ်သည့် အမလ်ကောင်းမှုကိုသာ လက်ခံတော်မူသည်။

http://www.sunnah.global/hadeeth/my/show/3342